# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 July 2023 ၁၁၁၅၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများ ချက်ပြုတ်နေမှု သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်းပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA)၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)နှင့် ဘာသာစုံမိတ်ဆွေများက ရက် ၅၀ စတုဒိသာ အလှူတော် အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက် ချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုများအားလုံး အောင်မြင်ပါစေကြောင်း ဟိန္ဒူဘာသာရေးအဖွဲ့က ဆုတောင်းပေးစဉ်။

## ယနေ့ ဖတ်စရာ


နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ — တွေ့ဆုံမေးမြန်း — စာမျက်နှာ » ၁၁

မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ — စာမျက်နှာ » ၁၂

နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည် — စာမျက်နှာ » ၁၃

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် — စာမျက်နှာ » ၁၅

ကြေးမုံ

# မုန်တိုင်းသင့်ဒေသများ အလေးထားဆောင်ရွက်

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က ရခိုင်ပြည်နယ် စစ်တွေမြို့ကို ဖြတ်ကျော်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းကျရောက်ပြီးနောက်နေ့ မေလ ၁၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့သွားရောက်၍ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မုန်တိုင်းသင့်ဒေသများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်လာအောင်ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ သဘာဝဘေးကျရောက်ပြီးနောက် နှစ်လတာကာလအတွင်း မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ တိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲသည် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ ထပ်မံရောက်ရှိပြီး မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီးများဖယ်ရှားခြင်းအပိုင်းနှင့် အဆောက်အအုံများ ပြင်ဆင်ခြင်းအပိုင်းတို့ကို ထပ်မံလမ်းညွှန်မှာကြားခဲ့သည်။

အပျက်အစီးများ ဖယ်ရှားခြင်းအပိုင်းတွင် အချို့နေရာများ၌ လိုအပ်ချက်များရှိနေသည်ကိုတွေ့ရှိခဲ့ပြီး ဒေသတွင်နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်ရာအိမ်ခြံဝင်းများအတွင်း အပျက်အစီးများ ဖယ်ရှားရှင်းလင်းရန်အတွက် တိုက်တွန်းပြောကြားစေလိုကြောင်း၊ အဆောက်အအုံများ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လက်ရှိအဆောက်အအုံများပြင်ဆင်ခြင်းနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတော်အနေဖြင့် စီမံခန့်ခွဲမှုများ အရ၊ ငွေကြေးအရ စားသောက်ကုန်နှင့်အခြားလိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အစိုးရ၏ ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများကလည်း ပါဝင်ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

အစောပိုင်းက ပြည်နယ်အတွင်း အဆောက်အအုံများဆောက်လုပ်ရာတွင် ရေရှည်ခိုင်ခံ့ရေးထက် အလှအပကို ဦးစားပေးဆောက်လုပ်ခြင်းများကြောင့် အချို့အဆောက်အအုံများ ပျက်စီးမှုများပြားခဲ့ကြောင်းကို နိုင်ငံတော်အကြီးအကဲက အသိပေးထောက်ပြခဲ့သည်။ မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရာတွင် ပျက်စီးသွားသော အစိုးရနှင့်ပြည်သူတို့၏အဆောက်အအုံများကို ဦးစားပေး ပြန်လည်ဆောက်လုပ်ကြရသည်။ မုန်တိုင်းသင့်ဒေသများအတွက် ဦးစားပေးလိုအပ်ချက်မှာ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများဖြစ်ကြပြီး ၎င်းတို့ကို အလျှင်စလို ဝယ်ယူဖြည့်တင်းကြရသည်။

သဘာဝဘေးကျရောက်ပြီးသည့်အခါ အဆိုပါကုန်ပစ္စည်းများ လိုအပ်ချက်မြင့်မားလာမှုနှင့်အတူ ဈေးကွက်တွင် ဈေးနှုန်းများမြင့်မားလာသည်ကို ကြုံတွေ့ရသည်။ ယင်းအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အချိန်၊ အများပြည်သူ အခက်အခဲ အကျပ်အတည်းများကြုံတွေ့နေရသည့်အချိန်တွင် ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်းဖျာခင်းသည့်သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် တစ်ကိုယ်ကောင်းဆန်ဆန်စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မတန်တဆဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများအပေါ်တွင်လည်း တာဝန်ရှိသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားခဲ့သည်။

တစ်ဦးတစ်ယောက်အကျိုးစီးပွားအတွက် ပြည်သူအချင်းချင်း အမြတ်ထုတ်ဆောင်ရွက်ခြင်းသည် မလုပ်သင့်မလုပ်ထိုက်သောကိစ္စဖြစ်သည်။ အထူးသဖြင့် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခံစားနေကြရသော အားနည်းနေသူများအား ကူညီဆောင်ရွက်ပေးရမည့်အစား အခွင့်ကောင်းယူ အကျိုးအမြတ်ရှာဖွေသူများကို ထိရောက်သည့် အရေးယူမှုများ ဆောင်ရွက်ရမည်သာဖြစ်သည်။ အလားတူ သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲ အကြောင်းအမျိုးမျိုးဖြစ်ပေါ်နေသည့်အချိန်တွင် မုန်တိုင်းကိုအကြောင်းပြု၍ နိုင်ငံအတွင်းရှိ ပြည်သူများ စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်အောင် ဈေးကစားသူများ၊ ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကိုလည်း သက်ဆိုင်ရာက စိစစ်ကြပ်မတ်အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတူတကွရပ်တည်နေထိုင်နေကြသူများဖြစ်သည့်အလျောက် အကြောင်းအမျိုးမျိုးကြောင့် သဘာဝဘေးအန္တရာယ်ကဲ့သို့ အခက်အခဲများကျရောက်ချိန်တွင် ပြည်သူအချင်းချင်းကိုယ်ချင်းစာသောအားဖြင့်၊ စာနာထောက်ထားသောအားဖြင့် ဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပုံမှန်အခြေအနေများထက် ပိုမိုစေတနာထားကာ ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြောက်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ညှိနှိုင်းရေးအစည်းအဝေးကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီက မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ရှိ မယ်လမုသာသနာ့ဗိမာန်သုံးထပ်ဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် မရမ်းကုန်းခရိုင်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဇေယျာနှင့် မြောက်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လောဟာတို့က အမှာစကားပြောကြားသည်။

ယင်းနောက် မြောက်ဥက္ကလာပမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ မြို့နယ်အထွေထွေအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက သွေးလှူဒါန်းနိုင်ရန် စီစဉ်ထားမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အလုပ်အမှုဆောင်များက သိလိုသည်များကို မေးမြန်းကြရာ မရမ်းကုန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးဒီဘီလတိန်ကပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ တင်ဝင်းတင်

## မင်းလှမြို့၌ (၇၆)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မင်းလှ ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြို ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို အထက မင်းလှ (မြို့ပြင်)ကျောင်း အေးမြသီတာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး အထက မင်းလှ(မြို့ပြင်)ကျောင်းမှ ဆရာကြီး ဦးရွှေဝင်းလှိုင်က အာဇာနည်နေ့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ရှားပါးမှတ်တမ်းဓာတ်ပုံများနှင့် မိန့်ခွန်းကောက်နုတ်ချက်များ၊ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းအကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်များကို ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေများထုတ်ချေး

ညောင်တုန်း ဇူလိုင် ၁၁

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဧရာစိန် စိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၂၅ ဦး၏ စိုက်ဧက ၂၆ ဒသမ ၄ ဧကအတွက် ချေးငွေကျပ်သိန်း ၁၀၀ နှင့် ရွှေကျွန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ၅၀ ၏ စိုက်ဧက ၃၄၇ ဧကအတွက် ချေးငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့သည်။

ထို့ပြင် ဒေသတွင်း ပီလောပီနံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ကျောင်းကုန်းမြို့နယ် အစုကြီးကျေးရွာအုပ်စု လမင်းသာ ပီလောပီနံစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၂၈ ဦး၏ စိုက်ဧက ၂၈ ဧကအတွက် ချေးငွေကျပ် ၅၆ သိန်း ပံ့ပိုးထုတ်ချေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၁၀၀ | ၂၆၄ | ၂,၁၄၁,၇၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၅,၄၃၅ | ၁၅,၄၈၉,၇၅၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၈၁ | ၅၇၅,၁၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၅,၆၄၇ | ၈,၄၇၀,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၄ | ၉,၆၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၁,၈၅၀ | ၁,၈၀၀ | ၂၆,၀၅၅ | ၄၆,၉၀၈,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စတုဒိသာအလှူတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများထံသို့ ပေးပို့ရန် သီးစုံဒံပေါက်များ ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုကြပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လုပ်ငန်းဆောင်ရွက်နေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဆုတောင်းပေး**

ယင်းနောက် စတုဒိသာအလှူတော်အစီအစဉ်တွင် ပါဝင်သည့် ရခိုင်ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာရေးအဖွဲ့၊ အစ္စလာမ်ဘာသာရေးအဖွဲ့နှင့် ဟိန္ဒူဘာသာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သဘာဝဘေးဒဏ်သင့်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည့် ရခိုင်ပြည်နယ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် ရခိုင်ပြည်သူများကိုယ်စား မိမိတို့ဘာသာရေး အသင်းအဖွဲ့များက အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့၏ စတုဒိသာအလှူတော် အစီအစဉ်ကို လာရောက်အားပေးသည့်အတွက်လည်း အားတက်ရပါကြောင်းနှင့် နေ့စဉ် မပျက်မကွက်ဆောင်ရွက်ခဲ့ရသည့် ပင်ပန်းမှုများ လျော့ကျသွားသည်ဟု ခံစားရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း၊ ပြည်သူလူထု၏ အကျိုး၊ နိုင်ငံတော်၏အကျိုးကို ယခုထက်ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအားလုံး အောင်မြင်ပါစေကြောင်းကို မိမိတို့ဘာသာရေး အသင်းအဖွဲ့များက ဆုတောင်းမေတ္တာပို့သပါကြောင်း အသီးသီး ဆုတောင်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား SKY NET မိသားစု၊ မြန်မာနိုင်ငံ လိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ်(MLCA၊ MLCP)၊ အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၅၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက်ဘူးများကို ထောက်ပံ့ပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်ပေးမှုများသည် များစွာ အထောက်အကူ ပြုပါကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုများကြောင့် ယခုကဲ့သို့ မြန်မြန်ဆန်ဆန်ဖြင့် လုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**သွားရောက်လေ့လာကြည့်ရှု**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါ်အေးနီလာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရခိုင်ရှေးဟောင်းမြို့တော်များ ပြခန်း၊ ရခိုင်စာပေကဏ္ဍပြခန်း၊ ရခိုင်ရှေးဟောင်းဒင်္ဂါးများပြခန်း၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ ပြခန်း၊ ရခိုင်ဓလေ့ထုံးစံများ ပြခန်း၊ ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓယဉ်ကျေးမှုပြခန်း၊ ရိုးရာ ကျင်အားကစားပြခန်းတို့ အတွင်း စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက ပြခန်းတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုများအားလုံး အောင်မြင်ပါစေကြောင်း အစ္စလာမ်ဘာသာရေးအဖွဲ့က ဆုတောင်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများထံသို့ ပေးပို့ရန် သီးစုံဒံပေါက်များ ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ပြည်နယ် ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသီရိ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပြည်နယ် ဩဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသီရိ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **စာမျက်နှာ ၇ သို့** ○

**စာမျက်နှာ ၇ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဉေယတီအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးရာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ရှင်းလင်းတင်ပြစဉ်။

☆ **စာမျက်နှာ ၃ မှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဉေယတီအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်အဆင့် အားကစားပွဲများကို ကျင်းပနိုင်သည့် မိုးလုံလေလုံအားကစားရုံ၊ ခေတ်မီပြေးလမ်းနှင့် ပွဲကြည့်စင်ပါ အားကစားကွင်းနှင့် အဆင့်မီရေကူးကန်တို့ တည်ဆောက်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် စီမံ ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# အနာဂတ်တွင် မိမိတို့ဒေသ၌ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးဒဏ်များကို အထိုက်အလျောက်ကာကွယ်နိုင်စေရေး ပစ္စုပ္ပန်တွင်ရှိနေသည့် မိမိတို့က သစ်ပင်သစ်တောများ စိုက်ပျိုးခြင်းများကို အလေးထားဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ရှိ မေဃဝတီခန်းမ၌လည်းကောင်း၊ ကမ်းနီတပ်နယ်ရှိ နယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသားစစ်သည်များကို အောင်စစ်သည်ခန်းမ၌လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တွေတပ်နယ်မှ အရာရှိစစ်သည်၊ မိသားစုများ၊ ကမ်းနီတပ်နယ်ရှိ နယ်မြေခံ တန်းမြင့်သင်တန်းကျောင်းမှ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသားစစ်သည်များ တက်ရောက်ကြသည်။

**ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)ဝင်ရောက်ခဲ့ပြီး နောက်ရက်တွင် မိမိအနေဖြင့် စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးမှုများကို ပြန်လည် ထူထောင်နိုင်ရေး လမ်းညွှန် မှာကြားခဲ့ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် နာဂစ်မုန်တိုင်း ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့သည့် မုန်တိုင်းတစ်ခုဖြစ်ခဲ့ကြောင်း၊ သေဆုံးသူ ၁၄၈ ဦးရှိခဲ့ပြီး ထိုထက်မကသည့် သေကျေပျက်စီးမှုများ ကြုံတွေ့ရနိုင်သည်ဟု နိုင်ငံတကာမှခန့်မှန်းမှုများရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကြိုတင် ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အထိအခိုက်အနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလွန်ပြီးနောက်ပိုင်း ကူညီကယ်ဆယ်ရေးပျက်စီးမှုများ ရှင်းလင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဟူ၍ နှစ်ပိုင်းခွဲကာ ဆောင်ရွက်စေခဲ့ကြောင်း၊ အချို့သောအဆောက်အအုံများမှာ လုံးဝပြိုကျပျက်စီးမှုများရှိခဲ့သဖြင့် အသစ်ပြန်လည်တည်ဆောက်ရခြင်းများလည်း ရှိကြောင်း၊ အသစ်တည်ဆောက်ရသည့် အဆောက်အအုံများကို ရေရှည် တည်တံ့ခိုင်မြဲအောင် ပြန်လည် တည်ဆောက်ရမည်ဖြစ်သကဲ့သို့ ကျန်ရှိသည့် အဆောက်အအုံများကိုလည်း ရေရှည် တည်တံ့ခိုင်မြဲစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် မွမ်းမံခြင်းများကို ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီးဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျတွက်ချက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပုံမှန် ဆောင်ရွက်နေသည်များထက် ပိုမို၍ခွန်အားစိုက်ထုတ်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများလျင်လျင်မြန်မြန်ဖြင့် တိုးတက်ပြီးစီးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးမှ အားထည့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုမမျှတမှုနှင့် သဘာဝဘေးဒဏ်ကျရောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်**

သဘာဝ ဘေးဒဏ်သည် မည်သည့်အချိန်တွင် ဖြစ်ပေါ်နိုင်မည်ကို ကြိုတင်၍သိရှိနိုင်ရန် ခက်ခဲပြီး မဖြစ်ပွားမီရက်သတ္တပတ် အနည်းငယ်အလိုမှပင် မည်ကဲ့သို့ ဖြစ်ပေါ်လာနိုင်သည်ကို ခန့်မှန်းသိရှိနိုင်ကြောင်း၊ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သဖြင့် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးကြီးရေလျှံခြင်းများကို မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လေပြင်းတိုက်ခြင်းနှင့် ရာသီဥတုမမျှတခြင်းတို့ကို ကာကွယ်နိုင်ရန် သဘာဝ အကာအကွယ်ဖြစ်သည့် သစ်ပင်သစ်တော စိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရိုးမနှင့် ဆက်နွှယ်နေသည့် တောင်တန်းများ၌သာ သစ်ပင်သစ်တောများတွေ့ရှိရပြီး ကွင်းပြင်အများအပြားရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သစ်ပင်များကို ကျေးရွာအလိုက်၊ ရပ်ကွက်များအလိုက်၊ မြို့များအလိုက် စိုက်ပျိုးသွားရန်လိုကြောင်း၊ သစ်ပင်များကို စိုက်ပျိုးခြင်းထက် ခုတ်ယူသုံးစွဲခြင်းက ပိုမိုများပြားသည်ကို တွေ့ရှိရပြီး ထင်းအဖြစ်သုံးစွဲခြင်းနှင့် အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ခုတ်ယူကြသည်ကို တွေ့ရကြောင်း၊ သဘာဝအရ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်များပြုန်းတီးမှုများ ဖြစ်ပေါ်လာပြီး ရာသီဥတုများ ဖောက်ပြန်လာခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးဒဏ်များအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးရန် လိုကြောင်း၊ နယ်မြေခံပြည်သူလူထုနှင့် ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း သစ်တောသစ်ပင်များ ပေါများလာမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် မိမိတို့ဒေသ၌ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးဒဏ်များကို အထိုက်အလျောက် ကာကွယ်နိုင်စေရေးအတွက် ယခု ပစ္စုပ္ပန်တွင်ရှိနေသည့် မိမိတို့က သစ်ပင်သစ်တောများ စိုက်ပျိုးခြင်းများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း မိမိတို့နေထိုင်ရာ နေအိမ်လိုင်းခန်းအတွင်း အရိပ်ရလေကာပင်များ၊ သစ်ပင်ကြီးများကို စိုက်ပျိုးနိုင်ရေး လုံလောက်သည့် အကျယ်အဝန်းများကို စနစ်တကျ တွက်ချက်နေရာချထားပေးပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် အဆင့်လိုက်နေရာချထားပေးသည့် အဆောက်အအုံများကိုလည်း စနစ်တကျ နေထိုင်ရန်နှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို မိမိတို့တတ်နိုင်သမျှ ဆောင်ရွက်သွားရန် လိုကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ပြီး နောက်ပိုင်းတွင် စစ်တွေမြို့တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စားရေးအဆင်ပြေစေရေးအတွက် ရန်ကုန်မြို့မှတစ်ဆင့် အစားအသောက်များကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ တပ်မတော်အတွင်း၌ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့သဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ဖူလုံပေါများစွာ စားသုံးနိုင်သကဲ့သို့ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး အတွက်လည်း ရောင်းချပေးလျက်ရှိကြောင်း။

**စာမျက်နှာ ၆ သို့ ❖**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းနီတပ်နယ်ရှိ နယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သင်္ဘေ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသားစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းနီတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စစ်တွေတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ကမ်းနီတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်စဉ်။

❖ **စာမျက်နှာ ၅ မှ**

**လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့် အတွေ့အကြုံများကိုပေါင်းစပ်၍ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လို**

တာဝန်ထမ်းဆောင်မှု အပိုင်းနှင့်ပတ်သက်၍ စစ်သည်တစ်ဦးချင်းအနေဖြင့် စစ်သားပီသစွာ နေထိုင်ကျင့်ကြံရန်လိုပြီး စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ တပ်မတော်သားတိုင်းသည် စစ်တိုက်နိုင်ရမည်၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရမည် ဖြစ်ကြောင်း၊ မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်ရမည် ဖြစ်ကြောင်း၊ သင်တန်းကျောင်းတွင် စစ်သည်တစ်ဦးချင်း၏ အဆင့်နှင့်လျော်ညီစွာ တတ်မြောက်ရန်လိုအပ်သည့် သက်ဆိုင်ရာ ပညာရပ်အလိုက် အုပ်ချုပ်မှု၊ စစ်ပညာနှင့် ရုံးလုပ်ငန်းများကို သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ စစ်သားကောင်း ပီသသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ယခုသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များသည် တိုက်ပွဲများ ဆင်နွှဲရာတွင် အောင်မြင်မှုများ ပိုမိုရရှိစေရန်အတွက် သင်ကြားပေးလိုက်ခြင်းဖြစ်ကြောင်း၊ စစ်မြေပြင်တာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိထိရောက်ရောက် အသုံးချမည်ဆိုပါက ရန်သူကို ထိရောက်စွာ ချေမှုန်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း တာဝန်ထမ်းဆောင်မှုကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုစေမည့် ပညာရပ်များကို သင်ကြားပေးနေခြင်း ဖြစ်ကြောင်း။

ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး အတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုရှိရမည် ဖြစ်ပြီး ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက်လည်း လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်အောင် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေမှ သာလျှင် လက်တွေ့စစ်မြေပြင်၌ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ပြီး မိမိကိုယ်ကို၊ မိမိတပ်ဖွဲ့ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။ **စာမျက်နှာ ၇ သို့** ❖

❍ စာမျက်နှာ ၄ မှ

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်ကြောင့် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးမည့် အခြေအနေများကို လျှောက်ထားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီး သိမ်တော် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ ယခုကျောင်းတိုက်ကြီးသည် သမိုင်းဝင်ကျောင်းတိုက်ကြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာများ အတိုင်း ပြန်လည် ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သကျမုနိဘုရားကြီး သိမ်တော်ကြီးကိုလည်း လတ်တလော ဦးစားပေးပြုပြင်ရမည့် အမိုးများကို အမြန်ဆုံး ပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ အကာများ ပြုပြင်ရာတွင်လည်း မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်း သပ်ရပ်ရေးကိုလည်း ဆောင်ရွက်ပေးရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။





**လှည့်လည်ကြည့်ရှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုန်တိုင်းဒဏ်ကြောင့် စစ်တွေမြို့ရှိ ရှေးဟောင်း သမိုင်းဝင် ဦးရဲကျော်သူ ကျောင်းတိုက် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၆ မှ

နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်၊ နိုင်ငံရေးဦးတည်ချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းများ အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းသည့်အချိန်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ပြန်လည် ကျင်းပပေးမည်ဟု တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေး ဆိုသည်မှာ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ အပြည့်အဝရရှိသည့် နိုင်ငံဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းနီတပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများဘဝ ရပ်တည်နိုင်ရေးအတွက် အသိပညာ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ပေးမှသာ ၎င်းတို့ဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လေးလေးနက်နက်ဖြင့် စဉ်းစား ဆောင်ရွက်ကြစေလိုကြောင်း၊ လွယ်ကူသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်၍ ခက်ခဲသည့် အလုပ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် မျှော်မှန်းချက်များကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ပညာရည်မြင့်မားရေး အလေးထား၊ အားပေးဆောင်ရွက်**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်းပညာ တတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေနိုင်သည့် ဗဟုသုတရရှိစေနိုင်သည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုနေရန်လိုကြောင်း၊ ထိုသို့ ဖတ်မှတ်လေ့လာနိုင်ရေးအတွက်လည်း တပ်မတော်မှ စာအုပ်စာပေများကို ထုတ်ဝေပြီး ဖြန့်ချိပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရေးကို အမြဲမပြတ် အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားစေရေး အားထည့်ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့၏ သားသမီးများကို ယဉ်ကျေးလိမ္မာပြီး မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်သည့်၊ ထူးချွန်ထက်မြက်သည့် သားသမီးများဖြစ်လာစေရေး စနစ်တကျ ထိန်းသိမ်း ပျိုးထောင်ပေးရန်လိုကြောင်း၊ မိမိတို့ကို ပေးအပ်ထားသည့် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်အသီးသီးရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✪ ကျောဖုံးမှ

ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစူးစိုက်မိလာစေရန်ရည်ရွယ်၍ ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် ဇူလိုင် ၁၁ ရက်တွင် အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ကြောင်း။

လူသားအားလုံးကျန်းမာကြံ့ခိုင်ပြီး ဘဝအရည်အသွေး တိုးတက်ကောင်းမွန်စေရေးနှင့် သာယာဝပြောသည့် လူ့ဘောင်သစ်တည်ထောင်နိုင်ရေးအတွက် မျိုးဆက်ပွားကျန်းမာရေး၏ အရေးပါမှု၊ ကျား - မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ မိခင်နှင့်ကလေးကျန်းမာရေး စသည့်လူဦးရေနှင့် ကောင်းမွန်သော အလေ့အထများမြှင့်တင်နိုင်ရန်၊ ပြည်တွင်း ပြည်ပ လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

**၁၉၉၀ ပြည့်နှစ်မှ နှစ်စဉ်ကျင်းပလာခဲ့**

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့ကျင်းပသည့် အခမ်းအနားသည် (၃၄) ကြိမ်မြောက် အခမ်းအနားဖြစ်ကြောင်း။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင်ပြည့်ပြီဟု ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ကြောင်း၊ ကမ္ဘာ့လူဦးရေသန်းရှစ်ထောင်ပြည့်ခြင်းသည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေ တိုးတက်လာမှုကို လေ့လာကြည့်မည်ဆိုပါက သန်းတစ်ထောင်မှ နှစ်ထောင် တိုးပွားရန် နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်ကျော်၊ သန်းနှစ်ထောင်မှ သန်းသုံးထောင် တိုးပွားရန် နှစ်ပေါင်းသုံးဆယ်ကျော် ကြာမြင့်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် သန်းတစ်ထောင်တိုးရန် ဆယ်စုနှစ်တစ်ခုကျော်သာ ကြာမြင့်လာတော့ကြောင်း၊ ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်မှ ရှစ်ထောင်ပြည့်ရန် ၁၂ နှစ်သာကြာမြင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ လူဦးရေ အလျင်အမြန်တိုးတက်လာခြင်းသည် လူများ၏ ကျန်းမာရေး၊ အစာအာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆေးဝါးများတိုးတက်ကောင်းမွန်လာခြင်း၏ အကျိုးဆက်အဖြစ် လူ့သက်တမ်းများ ပိုမိုရှည်ကြာလာခြင်းကြောင့်ဖြစ်ကြောင်း။

သို့သော် ကမ္ဘာ့လူဦးရေ လျင်မြန်စွာတိုးပွားလာခြင်းနှင့်အတူ နိုင်ငံအများစုတွင် တန်းတူညီမျှမှု မရှိခြင်း၊ ဆင်းရဲချမ်းသာကွာဟမှု ပိုများလာခြင်း၊ စားနပ်ရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသူများလည်း တိုးပွားလာသည်ကို တွေ့ရကြောင်း။

**❖ အနာဂတ်တွင် သက်ကြီးရွယ်အို လူဦးရေများပြားလာမည်ဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားကြရမည်**

**❖ မြန်မာနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး၊ ကျား - မ တန်းတူညီမျှရေး၊ မိသားစုစီမံကိန်း၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး တို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သည့် လူမှုဘဝများ ရရှိလာစေရန် ကြိုးပမ်းသွားကြမည်**

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွား နှုန်း ကျဆင်းလာခြင်းကြောင့် လုပ်သားအင်အား ရှားပါးလာပြီး သက်ကြီးရွယ်အို များပြားလာသည့် အခြေအနေကို ရင်ဆိုင်နေကြရသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည့် နိုင်ငံများတွင် လူဦးရေ တိုးပွားမှု မြန်ဆန်လာသည့်အတွက် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုလှုပ်ရှားရုန်းကန်နေကြရကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် တစ်ရက်လျှင် နှစ်ဒေါ်လာ အောက်သာရရှိသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် ရောက်ရှိနေကြသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရန်၊ ကမ္ဘာမြေကိုကာကွယ်ရန်နှင့် လူအားလုံး၏ ဘဝနှင့် မျှော်လင့်ချက်များ တိုးတက်ကောင်းမွန်လာစေရန် စသည်တို့ကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အရေးယူဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့က "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ"ကို ပန်းတိုင် ၁၇ ခု၊ ဦးတည်ချက် ၁၆၉ ခုဖြင့် ရေးဆွဲထားရှိကြောင်း၊ အဆိုပါ ပန်းတိုင်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှု ရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား - မ တန်းတူညီမှု ရှိစေရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံကိုလည်း ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်စေရေးရည်မှန်းပြီး "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" ကို ရေးဆွဲအကောင်အထည်ဖော် လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ လူဦးရေခန့်မှန်းတွက်ချက်မှုအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ ဒသမ ၇ သန်းကျော်ရှိလာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ ဒသမ ၃ သန်းကျော်ခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း။

**လူဦးရေဆုလာဘ်**

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်ကာလသည် လူဦးရေဆုလာဘ်ကို ရရှိခံစားနေချိန်ဖြစ်သည့် အတွက် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်လူရွယ်များ၏စွမ်းအားဖြင့် အမျိုးသမီးများ၏ အင်အားကို ထိရောက်စွာ ထည့်သွင်းအသုံးချရန် လိုအပ်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် သက်ကြီးရွယ်အို လူဦးရေများပြားလာမည်ဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကို လည်း ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း။

တစ်ဆက်တည်းတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များသို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်လျက်ရှိရာ လူငယ်ရေးရာမူဝါဒ၊ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ စသည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ကျား-မ တန်းတူညီမျှမှု ရှိစေရေး အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ပန်းတိုင် ၅ ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျား - မ တန်းတူညီမျှရေးနှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း - ၁၊ ပုဒ်မ - ၂၁၊ ပုဒ်မခွဲ-က နှင့် အခန်း-၈၊ ပုဒ်မ ၃၄၈ တို့တွင် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်" ကို လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှု အစီရင်ခံစာကို ရေးသားပြုစု တင်သွင်းလျက်ရှိကြောင်း၊ အလားတူ "အာဆီယံ အမျိုးသမီးကော်မတီ"တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ "အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကော်မတီ"တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်း၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

**စီမံကိန်းဒုတိယအဆင့် ရေးဆွဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း" ကို ကျား - မရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ဒုတိယ အဆင့် ရေးဆွဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၌ မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီရန် ရည်ရွယ်ပြီး မိခင်သေဆုံးမှုများ လျော့နည်းကျဆင်းစေရေး၊ မျိုးဆက်ပွားနိုင်သောအရွယ်ရှိ အမျိုးသမီးများ အရည်အသွေးပြည့်ဝသော မိခင်ဖြစ်ရေးနှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လူတိုင်း လက်လှမ်းမီရရှိစေရေး ဦးစားပေးကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများအားလုံး လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရရှိစေရေး အတွက် "လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး နှင့် အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်မူဝါဒ" ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် "လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွား၊ မိခင်၊ မွေးကင်းစ၊ ငါးနှစ်အောက်ကလေးနှင့် ဆယ်ကျော်သက်ဆိုင်ရာ ငါးနှစ်တာမဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၂၅)" ကိုလည်း ရေးဆွဲထားပြီး အဆိုပါမဟာဗျူဟာ စီမံကိန်းပါ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များအတိုင်း မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၉ သို့ ✪

✪ စာမျက်နှာ ၈ မှ

ကျား-မ အခြေပြုအကြမ်းဖက်မှု ခံစားနေရသောသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာများကို နေပြည်တော်၊ ပင်းတယ၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ ဖွင့်လှစ်စောင့်ရှောက်မှုပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ဆေးရုံများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂအနေဖြင့် နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ချမှတ်ခဲ့ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ မျိုးဆက်ပွားကျန်းမာရေးကို အလေးပေးဆောင်ရွက်ရေး၊ ကျား-မ တန်းတူညီမျှမှုရှိစေရေး၊ မိသားစုစီမံကိန်းအကောင်အထည်ဖော်ရေး စသည်တို့ကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရေး တွန်းအားပေးသည့်အနေဖြင့် ဆောင်ပုဒ်များ သတ်မှတ်လာကြောင်း။

**လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍများကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေး**

ယခု ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို ကုလသမဂ္ဂက ချမှတ်ထားသည့် လူဦးရေဆိုင်ရာ မူဝါဒများကို အခြေခံ၍ မိမိတို့နိုင်ငံအတွက် ဆွေးနွေးဆုံးဖြတ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍများကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ထင်ဟပ်စေသည့် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဆောင်ပုဒ်သည် **"ကမ္ဘာ့လူ့ဘောင်သာယာဖို့ လူဦးရေနှင့် ဖွံ့ဖြိုးမှုဟန်ချက်ညီအောင် ကြိုးစားစို့"** ဖြစ်ကြောင်း။

အဆိုပါ ဆောင်ပုဒ်မှပေးလိုသည့် အဓိကအချက်မှာ လူဦးရေ နည်းခြင်း၊ များခြင်း တစ်ခုတည်းဖြင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာ၍မရဘဲ အဆိုပါနိုင်ငံတွင် ချမှတ်ထားသည့် ကောင်းမွန်မှန်ကန်သော မူဝါဒများအပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်မှုတို့သည် ပို၍ အရေးကြီးသည်ကို အသိပေးလိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် အသုံးချနိုင်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး၊ ကျား - မ တန်းတူညီမျှရေး၊ မိသားစုစီမံကိန်း၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သည့် လူမှုဘဝများ ရရှိလာစေရန် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း။




ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ ရှိလာခြင်းနှင့်အတူ လူဦးရေဆိုင်ရာပြောင်းလဲလာမှုကို လေ့လာလျှင် ကမ္ဘာ့လူဦးရေသည် ဆက်လက်တိုးတက်နေဦးမည်ဖြစ်သော်လည်း လွန်ခဲ့သည့် ရာစုဝက်ခန့်က စတင်၍ ကလေးမွေးဖွားမှု ဆက်တိုက်ကျဆင်းလာခြင်းကြောင့် အနာဂတ်တွင် လူဦးရေးတိုးနှုန်းသည် တဖြည်းဖြည်း နှေးကွေးလာနိုင်ကြောင်းလည်း ခန့်မှန်းရကြောင်း၊ မွေးဖွားမှုနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ လူတို့၏ မျှော်မှန်းသက်တမ်းမြင့်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အို အချိုးအစားပါဝင်မှုသည် တစ်နေ့တခြားများပြားလာနိုင်ကြောင်း၊ သို့သော်လည်း မွေးဖွားနှုန်းကျဆင်းလာသည့်နိုင်ငံများသို့ မွေးဖွားနှုန်းများပြီးဆင်းရဲသည့်နိုင်ငံများက ရွှေ့ပြောင်းလူဦးရေများ ဝင်ရောက်ခြင်းများရှိနေသဖြင့် လူဦးရေတိုးပွားမှု ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး မူလရွှေ့ပြောင်းခဲ့သည့်နိုင်ငံများတွင် လူဦးရေလျော့ကျမှုနှင့် တွေ့ကြုံနေရမည်ဖြစ်ကြောင်း။

**အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအသက်ရှည်စွာနေထိုင်နိုင်**

ကမ္ဘာတစ်ဝန်း၌ မွေးဖွားစဉ် ယောကျ်ားလေး အရေအတွက်သည် မိန်းကလေး အရေအတွက်ထက် ပိုမိုများပြားသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအသက်ရှည်စွာနေထိုင်နိုင်ကြသည်ကို လေ့လာသိရှိရကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လက်ရှိကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို လွတ်မြောက်အောင် နည်းလမ်းရှာဖွေရင်း အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လက်ရှိကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းစိန်ခေါ်မှုများကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း လူဦးရေဆိုင်ရာ ပြောင်းလဲလာမှုများမှ အခွင့်အလမ်းများအဖြစ် ပြောင်းလဲရယူကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လူဦးရေဆိုင်ရာပြောင်းလဲမှုမှ အခွင့်အလမ်းများ ရယူနိုင်ရန် ၁၀ နှစ် တစ်ကြိမ် မဖြစ်မနေဆောင်ရွက်ကြရသည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေး အကြိုစမ်းသပ်ဆောင်ရွက်ချက်အဖြစ် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည့် လူဦးရေအချက်အလက်များနှင့် မှန်ကန်သည့် ကိန်းဂဏန်းများရရှိမှသာ နိုင်ငံ၏ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ပေါ်ထွက်ရရှိလာမည် ဖြစ်သကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီဖြစ်ပေါ်လာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် ကောင်းမွန်သည့် အနာဂတ်တည်ဆောက်နိုင်ရေး ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် ကမ္ဘာ့အဆင့်မီစွာ မြန်မာနိုင်ငံ၏လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များရရှိအောင် လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုအဆင့်ဆင့်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့်ဌာန၊ အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၌ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်တို့ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသောအချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေး ညီလာခံကျင်းပရေးကိစ္စ၊ ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပံ့ပိုးရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင်လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြေပုံမြို့နယ် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၁၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ သွားရောက်ပြီး မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု၊ ယာယီဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ရဲတပ်ဖွဲ့ခွဲမှူးရုံး၌ မိုခါမုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံများနှင့် နေအိမ်တန်းလျားများ ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် စစ်တွေလေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမော်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)



တိုက်ခတ်မှုကြောင့် လေဆိပ်အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကြီး မြထွန်းဦးက လေယာဉ်ကွင်းနှင့် လေဆိပ်အဆောက်အအုံများ သန့်ရှင်းသာယာရေး၊ လေယာဉ်ပြေးလမ်း တစ်ဖက်တစ်ချက်နှင့် လေယာဉ်ရပ်နားရန်နေရာအနီးရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာတို့က မုန်တိုင်းဒဏ်ကြောင့် ပြတ်တောက်ခဲ့သည် ဆက်သွယ်ရေးလိုင်းများ၊ အဝေးဆက်သွယ်ရေးလမ်းကြောင်းများ၊ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုတို့ကိုရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ဆက်သွယ်ရေးရုံးဝင်းအတွင်း ယာယီတာဝါတိုင် တည်ဆောက်ထားရှိမှုနှင့် တာဝါတိုင်အသစ်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကာ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ဘဏ်ငွေတိုက်နှင့် ဘဏ်လုံခြုံရေးရဲကင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မြေပုံမြို့သို့ သွားရောက်ပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် မြေပုံမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်စိုးက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

## ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမြထွန်းဦးက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မြို့မရဲစခန်းနှင့် စခန်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည် ပေါက်တောမြို့သို့သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပေါက်တောမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ဆန်နီအုန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ရောက်ရှိနေမှု၊ စနစ်တကျဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီးမြထွန်းဦးက မုန်တိုင်းတိုက်ခတ်ပြီးနောက် ပညာရေး၊ ကျန်းမာရေး၊ သာသနိက အဆောက်အအုံများကို ဦးစားပေးဆောင်ရွက်ခဲ့မှု၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်နှင့်လက်တွန်းထွန်စက်များ ဖြန့်ဖြူးပေးထားမှု၊ အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေပေးနေမှု၊ ဆက်သွယ်ရေးလိုင်းများကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှု၊ လျှပ်စစ်မီးများရရှိအောင်ဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာများအထိ လျှပ်စစ်မီးများရရှိနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အထက(အိုးဘိုကုန်း)၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲပြုလုပ်

ပေါက်ခေါင်း ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များကို မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်ပြီး မြန်မာစာစွမ်းရည် တိုးတက်မြင့်မားလာစေရေးနှင့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြောပွဲ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့်ဆောင်းပါး ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အထက(အိုးဘိုကုန်း) ကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် အထက (အိုးဘိုကုန်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်မြတ်သန့်ကျော်နှင့် အလယ်တန်းပြဆရာမ ဒေါ်စန်းနွဲ့တို့က အာဇာနည်နေ့ ပေါ်ပေါက်လာပုံ ဖြစ်စဉ်သမိုင်းအကြောင်းအရာများနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများကို အကျယ်တဝင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

■

# နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ

**တွေ့ဆုံမေးမြန်း- ဝင်းဝင်း**

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင်စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တွဲဖက်အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်-

**မေး။ ။** နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်း ကော်မတီက ဆောင်ရွက်နေတဲ့ လုပ်ငန်းတာဝန်တွေကို မျှဝေပေးစေလိုပါတယ်။

**ဖြေ။ ။** နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းကော်မတီရဲ့ အဓိက လုပ်ငန်းတာဝန်က နိုင်ငံတကာက ပေးအပ်လာတဲ့ အကူအညီတွေအတွက် အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာတွေနဲ့ ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ပြည်ပနိုင်ငံအစိုးရတွေ၊ ပြည်ပမှစေတနာရှင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားတွေက ပစ္စည်း၊ ငွေ လှူဒါန်းလိုပါက လှူဒါန်းလိုကြောင်း ကမ်းလှမ်းလာတဲ့ကိစ္စတွေကို အဆင်ပြေချောမွေ့အောင် တင်ပြဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနက သက်ဆိုင်ရာကော်မတီတွေနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။

ရန်ကုန်မြို့မှာ အလှူပစ္စည်းတွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ရန်ကုန်မှာရှိတဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့နဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကယ်ဆယ်ရေးပစ္စည်းတွေ သယ်ဆောင်လာတဲ့လေယာဉ်တွေ မြန်မာနိုင်ငံအပေါ် ဖြတ်ကျော်ပျံသန်းခွင့်၊ ရန်ကုန်လေဆိပ်မှာ ဆင်းသက်ရပ်နားခွင့် ရရှိရေးကိုလည်း အဆင်ပြေချောမွေ့မှုရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။

ရေကြောင်းမှ သယ်ယူပို့ဆောင်လိုမှုတွေအတွက်လည်း သက်ဆိုင်ရာကို တင်ပြညှိနှိုင်းဆောင်ရွက်ပေးပါတယ်။

**မေး။ ။** မုန်တိုင်းသင့် ပြည်သူတွေအတွက် နိုင်ငံတကာကနေ အကူအညီလှူဒါန်းမှုအခြေအနေနဲ့ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီရဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှုကို သိရှိလိုပါတယ်။

**ဖြေ။ ။** မုန်တိုင်း ကျရောက်နိုင်ကြောင်း သတင်းတွေ ထွက်ပေါ်လာချိန်မှာ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ ဗန်ကောက်မြို့ မြန်မာသံရုံးကတစ်ဆင့် ခေါက်ဆွဲခြောက်ထုပ်ပေါင်း တစ်သိန်းခွဲကျော် လှူဒါန်းခဲ့ပြီး မေ ၈ ရက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံကို မုန်တိုင်းဖြတ်ကျော်ဝင်ရောက်လာပါက ပြည်ပနိုင်ငံတွေက အစိုးရအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေနဲ့ ပြည်ပရောက်မြန်မာအသိုင်းအဝိုင်းတွေက မုန်တိုင်းဒဏ်သင့်ဒေသတွေကို အကူအညီပေးအပ်ရေးနှိုးဆော်သွားဖို့ မြန်မာသံရုံး၊ အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးတွေအားလုံးကို မေ ၁၀ ရက်မှာ အကြောင်းကြားခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အကူအညီပေးရေးအတွက် အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံကိုလည်း ရန်ကုန်မြို့အခြေစိုက် သံရုံးတွေကတစ်ဆင့် မေ ၁၁ ရက်မှာ အကြောင်းကြားခဲ့ပါတယ်။

မိုခါမုန်တိုင်း ကျရောက်ပြီးနောက် မေ ၁၄ ရက်ကနေ ယခုအချိန်အထိ တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေက လှူဒါန်းမှုတွေရှိခဲ့ပါတယ်။ ဒါ့အပြင် အလှူရှင်နိုင်ငံတွေက အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီများ ညှိနှိုင်းရေးဌာန (AHA Centre) မှတစ်ဆင့် လှူဒါန်းမှုတွေလည်းရှိပါတယ်။ ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ သုံးသိန်းကျော်လက်ခံရရှိခဲ့ပါတယ်။

ပြည်ပရှိမြန်မာသံရုံးတွေကတစ်ဆင့် ယူနန်ပြည်နယ် ချစ်ကြည်ရေးအသင်းကဲ့သို့ ပြည်ပအသင်းအဖွဲ့တွေ၊ ပြည်ပအလှူရှင်တွေရဲ့ လှူဒါန်းမှုတွေ၊ မြန်မာသံရုံး၊ အဖွဲ့ရုံးတွေက ဝန်ထမ်းတွေရဲ့ လှူဒါန်းမှုတွေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့ လှူဒါန်းမှုတွေလည်းရှိပါတယ်။ မေ ၈ ရက်မှ ဇွန် ၁၂ ရက်အထိ ပစ္စည်းလှူဒါန်းမှုပေါင်း ၁၇ ကြိမ်ရှိပြီး ငွေလှူဒါန်းမှု စုစုပေါင်း ၁၄ ကြိမ်ရှိသွားပါပြီ။

လှူဒါန်းပစ္စည်းတွေ ရန်ကုန်ကို ရောက်ရှိရေး၊ အခွန်ကင်းလွတ်ခွင့်ရရှိရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနကို လွှဲပြောင်းနိုင်ရေး၊ လှူဒါန်းငွေတွေ၊ သက်ဆိုင်ရာဘဏ်စာရင်းတွေကို ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာကော်မတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

အခုလက်ရှိမှာလည်း မြန်မာသံရုံးတွေ၊ အဖွဲ့ရုံးတွေကတစ်ဆင့် လှူဒါန်းမယ့်ငွေ/ ပစ္စည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက အကြောင်းကြားလာတဲ့ကိစ္စတွေကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။** ကယ်ဆယ်ရေးပစ္စည်းတွေ လေကြောင်း၊ ရေကြောင်းမှ ရောက်ရှိမှုနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှု အခြေအနေကိုလည်း သိပါရစေ။

**ဖြေ။ ။** ကယ်ဆယ်ရေး လေယာဉ်တွေ ဆင်းသက်မှုအနေနဲ့က စုစုပေါင်း ၁၀ ကြိမ်ရှိပြီဖြစ်ပါတယ်။ AHA Centre ကတစ်ဆင့်လှူဒါန်းတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ သယ်ဆောင်လာတဲ့ လေယာဉ်ဆင်းသက်မှု ခုနစ်ကြိမ်၊ မေ ၂၃ ရက်မှာ ထိုင်းနိုင်ငံတော်ဝင်မိသားစုနဲ့ အခြားအလှူရှင်တွေ လှူဒါန်းတဲ့ ကယ်ဆယ်ရေး လေယာဉ်ဆင်းသက်မှု နှစ်ကြိမ်နဲ့ ဇွန် ၁၂ ရက်မှာ တရုတ်နိုင်ငံအစိုးရက လှူဒါန်းတဲ့ကယ်ဆယ်ရေး လေယာဉ်ဆင်းသက်မှု တစ်ကြိမ်တို့ဖြစ်ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပို့တဲ့ ရေယာဉ်ဝင်ရောက်မှုအရေအတွက်က အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ် လေးစင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စစ်ရေယာဉ် တစ်စင်း စုစုပေါင်း ငါးစင်းဖြစ်ပါတယ်။

လေယာဉ်တွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်ရပ်နားခွင့်၊ ရေယာဉ်တွေ ရန်ကုန်ဆိပ်ကမ်းမှာ ဆိုက်ကပ်ရပ်နားခွင့်၊ ကယ်ဆယ်ရေးပစ္စည်းတွေ အခွန်ကင်းလွတ်ခွင့်ရရှိရေး၊ သက်ဆိုင်ရာ DMC သို့ လွှဲပြောင်းရေးတို့အတွက် ကော်မတီအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ။



ညွှန်ကြားရေးမှူးချုပ်
ဒေါ်မာလာသန်းထိုက်




ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းမှုကို တွေ့ရစဉ်။

> ❛ လှူဒါန်းပစ္စည်းတွေ ရန်ကုန်ကို ရောက်ရှိရေး၊ အခွန်ကင်းလွတ်ခွင့်ရရှိရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာနကို လွှဲပြောင်းနိုင်ရေး၊ လှူဒါန်းငွေတွေ သက်ဆိုင်ရာဘဏ်စာရင်းတွေကို ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာကော်မတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ် ❜




အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းမှုကို တွေ့ရစဉ်။



ပြည်ပအဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းမှုများကို တွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင် ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်




နေပြည်တော် ဇူလိုင် ၁၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက Yekaterinburg မြို့သို့ ရောက်ရှိသည်။

**တက်ရောက်**

ပြည်ထောင်စုဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် Yekaterinburg မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဘီလာရုဇ်၊ ကာဇက်စတန်၊ အာမေးနီးယား၊ ဂျာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ သီရိလင်္ကာ၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘီလာရုဇ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များက အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Sustainable Manufacturing Strategies of Renewal ခေါင်းစဉ်ဖြင့် ဆွေးနွေးသော Panel Discussion သို့ တက်ရောက်ပြီး Moderator မှ မေးမြန်းသည့် Building Economic Relations and Protecting your Own Manufacturer နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသားများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ကာ ပြည်တွင်းထုတ်လုပ်မှုများကို တိုးမြှင့်ပြုလုပ်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲရန် လုံလောက်သည့်အပြင် ပိုလျှံလာပါက အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြေမျက်နှာသွင်ပြင်အနေအထား၊ သဘာဝသယံဇာတပေါကြွယ်မှု၊ အထူးအားဖြင့် သံရိုင်းများ ထုတ်ယူနိုင်မှုအခြေအနေ တူညီမှုများစွာရှိကြောင်း၊ ထို့ကြောင့် သံမဏိထုတ်လုပ်ရေးသည်လည်း အလေးပေးဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အကူအညီများပေးအပ်လျက်ရှိကြောင်း၊ သံမဏိစက်ရုံစီမံကိန်း တည်ဆောက်မှုလုပ်ငန်းများ ပြီးမြောက်၍ စတင်လည်ပတ်နိုင်ပါက ပြည်တွင်း သံမဏိလိုအပ်ချက်ကို ဖြည့်တင်းနိုင်မည်ဖြစ်ပြီး ပြည်ပမှ သံမဏိတင်သွင်းမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း။

**ရှင်းလင်းဆွေးနွေး**

လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုခန့်မှစတင်၍ မြန်မာလူငယ်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်များတွင် အင်ဂျင်နီယာဘာသာရပ်များ၊ လေကြောင်း၊ ရေကြောင်းအင်ဂျင်နီယာ ဘာသာရပ်များနှင့် အခြားသောဘာသာရပ်များစွာတို့ကို သင်ယူတတ်မြောက်စေရန် ပညာတော်သင်များအဖြစ် စေလွှတ်ခဲ့ပါကြောင်း၊ အဆိုပါ လူငယ်များသည် ယခုအချိန်တွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီး၌ စွမ်းရည်ပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပြီး နိုင်ငံ၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးဆိုင်ရာ အကူအညီဖြင့် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟု ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း စဉ်ဆက်မပြတ်တိုးတက်နေသော စက်မှုနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းရှိ အခြေအနေများသာမကဘဲ ပြည်ပအခြေအနေများ၏ လွှမ်းမိုးမှုများစွာရှိသည်ကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များသည် မြန်မာနိုင်ငံအတွက်လည်း အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Sverdlovsk Region Governor က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Denis Manturov၊ နိုင်ငံတကာမှဝန်ကြီးများ၊ သံတမန်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ့ကော်ဖီပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့(Task Force) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် ကော်ဖီအဓိကတင်ပို့ရောင်းချသော နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများချမှတ်ခြင်းအပါအဝင် ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်ရန် ကော်ဖီဗဟိုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန်အတွက် ကြီးကြပ်မှုကော်မတီသုံးခု ဖွဲ့စည်းထားမှု၊ နိုင်ငံအတွင်း ကော်ဖီကိုတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီတန်ဖိုးကွင်းဆက်လုပ်ငန်းများ ဖွံ့ဖြိုးမှုရှိစေရေးအတွက် မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (Myanmar Coffee Export Promotion Task Force)ကို ဖွဲ့စည်းထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာ့ကော်ဖီပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အဖွဲ့ဝင်များက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကော်ဖီစိုက်ပျိုးထွက်ရှိမှု၊ တိုးချဲ့စိုက်ပျိုးလာမှု၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေထုတ်ပေးနိုင်မှု၊ ကော်ဖီစိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်ရရှိနိုင်ရေးအပါအဝင် အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်မှုအခြေအနေ၊ ကော်ဖီသီးနှံများမှ ကော်ဖီကုန်ချောထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့စွာ တင်သွင်းခွင့်ရရှိနိုင်ရေးနှင့် မြေယာသုံးစွဲမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာ့ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

သတင်းစဉ်

# ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီခွဲတွင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်အကြား မင်းနန္ဒာလမ်းမပေါ်ရှိ အမှတ်(၂) မြစ်ထွက်ပေါက်သို့ စီးဆင်းသည့် ရေမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက်ရှိ ပင်လုံလမ်းသို့ ရောက်ရှိပြီး ပင်လုံလမ်းကွန်ကရစ်ခင်းကျင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောက်ရွက်ရန်၊ Box Culvert ပြီးစီးရေးဆောင်ရွက်ရန်နှင့် အပင်မြင့်များ အောက်တက်ရှင်း၍ အလင်းဖွင့်ရန် မှာကြားသည်။

ထို့နောက် သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်ပတ်လမ်းသို့ သွားရောက်၍ အမှတ်(၁၀) မြစ်ထွက်ပေါက်သို့ စီးဆင်းသည့် ရေမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁၀) ရေထိန်းတံခါးဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ်(၁၀)ရပ်ကွက် ရောဝဏ်လမ်းရှိ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန ဥယျာဉ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှု၊ ကုန်ဈေးနှုန်းများ မှန်ကန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုဇွန်တောင်ချောင်းဘေး သား/ငါးရုံသစ်နှင့် မြေထိန်းနံရံ တည်ဆောက်ပြီးစီးမှု၊ အေးချောင်းမြေထိန်းနံရံ တည်ဆောက်ရန် မြေပြုပြင်နေမှု၊ ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုနှင့် ကုန်ဈေးနှုန်းများ မှန်ကန်မှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။

သတင်းစဉ်



# နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်

နေပြည်တော် ဇူလိုင် ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ သွားရောက်၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။



**အားပေးစကားပြောကြား**

ထို့နောက် စာသင်ခန်းများအတွင်း အေးချမ်းစွာ ပညာသင်ကြားနေသည့် ဆရာ ဆရာမများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးအပေါ်တွင် အဓိကရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို လမ်းညွှန် မှာကြားထားသဖြင့် မိမိတို့၏ ပညာရေး အရည်အသွေးမြင့်မားအောင် အလေးထား၍ အမြဲတမ်းကြိုးစားသင်ယူကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် စာသင်ဆောင်များကို ကောင်းမွန်အောင် အလျင်အမြန် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့တက္ကသိုလ် စာသင်ဆောင်၊ ကျောင်းဆောင်များ အရှည်တည်တံ့ခိုင်ခံ့ရေး၊ သန့်ရှင်းသပ်ရပ်သာယာရေးအတွက် ဆရာဆရာမများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဘဝ၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေမည်မှာ ပညာရေးသာဖြစ်၍ ပညာတတ်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများကို ပညာတတ်အောင် သင်ကြားရုံမျှသာမက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ပြည့်ဝ၍ အကျင့် စာရိတ္တကောင်းမွန်သည့် လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင် သင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ သင်ခန်းစာများ သင်ကြားနေမှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံစု အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်၍ အေးချမ်းစွာ ပညာသင်ကြားနေ သည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားစီမံဆောင်ရွက်နေသည့် ဆရာ ဆရာမများကို သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကျည်းမြိုင် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) နှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သို့သွားရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမြန်လမ်းပေါ် စည်းကမ်းမလိုက်နာ၍ အရေးယူခဲ့ရသောယာဉ်စီးရေ လျော့ကျလာ

နေပြည်တော် ဇူလိုင် ၁၁

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် စည်းကမ်းမလိုက်နာ၍ အရေးယူခဲ့ရသောယာဉ်စီးရေ လျော့ကျလာကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လအတွင်း အမြန်လမ်းပေါ်၌ စည်းကမ်းမလိုက်နာ၍ အရေးယူခဲ့ရသော ယာဉ်အစီးရေ ၇၅၄၈ စီး ရှိခဲ့ကြောင်း၊ ယင်းမှာ ကိုဗစ်မတိုင်မီ အလားတူကာလထက် လျော့ကျခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိတစ်ဦးက ပြောသည်။



၂၀၂၃ ခုနှစ် ဧပြီလအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုတစ်ခုကို တွေ့ရစဉ်။

"ကိုဗစ်မတိုင်ခင် ၂၀၁၇ ခုနှစ်မှာဆိုရင် ၁၆၇၁၇ စီး၊ ၂၀၁၈ ခုနှစ်မှာဆိုရင် ၁၆၂၉၅ စီး စသဖြင့် အရေးယူခဲ့ရတဲ့ယာဉ်စီးရေဟာ တစ်သောင်းကျော်ထိ ရှိခဲ့တယ်။ ကိုဗစ်ကာလမှာတော့ ယာဉ်သွားလာမှု နည်းသွားတာရော၊ စည်းကမ်းလိုက်နာသူတွေ ပိုများလာတာရော စတာတွေကြောင့် အရေးယူရတဲ့ယာဉ်စီးရေဟာ လျော့ကျလာပါတယ်"ဟု ၎င်းက ပြောသည်။

"ယာဉ်စည်းကမ်းပိုင်းကို ဆောင်ရွက်တာ နှစ်ပိုင်းရှိတယ်။ အသိပညာပေးနဲ့ အရေးယူတဲ့အပိုင်းပါ။ ယာဉ်မောင်းတွေနဲ့ ယာဉ်ပေါ်ပါသူတွေ၊ လမ်းဘေးဝဲယာနေထိုင်တဲ့ ကျေးရွာနေသူတွေကို တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တွေက ပညာပေးတာလုပ်တယ်။တိုးဂိတ်တွေမှာ စုပြီးတော့ ကားစီးရေ ၁၀ စီးလောက်နဲ့ ဆွေးနွေးတာလုပ်တယ်။နောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်အောင်၊ အချိန်ကြန့်ကြာမှုမရှိအောင်ဆိုပြီးတော့ ယာဉ်အမျိုးအစားအလိုက် ယာဉ်တွေကို အရှိန်သတ်မှတ်တယ်။ အိမ်စီးကားတွေကို တစ်နာရီ ကီလို ၁၀၀၊ ခရီးသည်တင်ယာဉ်တွေကို ကီလို ၉၀၊ အမြန်လမ်းအသုံးပြုခွင့်ရတဲ့ လုပ်ငန်းသုံး ယာဉ်တွေကို ကီလို ၆၀ စသဖြင့်ပေါ့။ နောက်ပြီးတော့ လမ်းဖြတ်တွေမှာ လမ်းညွှန်အမှတ်အသားတွေ တပ်တာတွေ လုပ်ဆောင်ထားတာရှိပါတယ်" ဟု ပြောသည်။ ထို့အပြင် အမြန်လမ်းတစ်လျှောက် မော်တော်ယာဉ်များ သတ်မှတ်အရှိန်ထက် ကျော်လွန်မောင်းနှင်မှု မရှိစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရန်အတွက် မော်တော်ယာဉ် အရှိန်တိုင်းတာသော စက်များ တပ်ဆင်စစ်ဆေး ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် လူ ၅၃ ဦး သေဆုံးခဲ့ကာ ၁၆၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဇန်နဝါရီလမှ ဇွန်လအထိ အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှု ၈၃ မှုဖြစ်ပွားခဲ့သောကြောင့် ငွေကျပ် ၂၈၈ ဒသမ ၅၈ သန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ၁၂၃

ဓာတ်ပုံ-အမြန်လမ်းမီးသတ်တပ်ဖွဲ့

# ဓနုဖြူမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချ

ဓနုဖြူ ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ယနေ့နံနက်ပိုင်းက အမှတ်(၁၇) ရပ်ကွက် ပြည်လုံးချမ်းသာဘုရားရှေ့တွင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများပူးပေါင်းကာ ဆန်တစ်ပြည်လျှင် ကျပ် ၂၅၀၀ နှုန်း၊ ဆီတစ်ပိဿာလျှင် ကျပ်၄၃၀၀ နှုန်း၊ ကြက်ဥငါးလုံးလျှင် ကျပ် ၁၀၀၀ နှုန်း၊ ငံပြာရည်တစ်ဘူးလျှင် ကျပ် ၁၀၀၀ နှုန်း၊ အမဲသားတစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်တစ်စီးလျှင် ကျပ် ၁၀၀နှုန်းဖြင့် ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးခြင်းကို အပတ်စဉ် အင်္ဂါနေ့တိုင်း နံနက် ၇နာရီခွဲမှ စတင်၍ အများပြည်သူဆိုင်ရာနေရာများတွင် ရောင်းချပေးမည်ဖြစ်ပြီး မြို့ပေါ် ရပ်ကွက်များသို့ ဈေးကားဖြင့် လှည့်လည်ရောင်းချကာ အမှတ်(၈)ရပ်ကွက် အခွန်လွတ်ဈေးတွင် နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)





# ကျိုင်းတောင်း မြို့အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကျိုင်းတောင်း ဇူလိုင် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) မိုးရာသီ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၃ နာရီက အမှတ် (၅) ရပ်ကွက် မြို့အားကစားကွင်းနေရာ၌ ကျင်းပသည်။

အခမ်းအနားကို မြို့အုပ်ချုပ်ရေးမှူး ဦးမျိုးသက်နိုင်၊ ကျိုင်းတောင်းနယ်မြေရဲစခန်းမှ ယာယီစခန်းမှူး ဒုတိယရဲအုပ်လှဝင်းနောင်၊ မြို့စည်ပင်သာယာရေးဌာနတာဝန်ခံ ဦးသီဟအောင်နှင့် မြို့မိ မြို့ဖ ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် ဌာနဆိုင်ရာ (Old star) နှင့် ကျိုင်းတောင်း (Old star) အသင်းတို့ ချစ်ကြည်ရေးယှဉ်ပြိုင်ကစားကြပြီး အမှတ်(၄)ရပ်ကွက် လီဆူအသင်းနှင့် ရှမ်းလူငယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ရှမ်းလူငယ်အသင်းက သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ပြိုင်ပွဲကို အသင်းရှစ်သင်းဖြင့် ဇူလိုင် ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိုးတောင်း

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပသည့် ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာစီနာ၊ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်းဆိုသည်မှာ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများအကြား အပြန်အလှန်ကိုယ်စားပြုနိုင်ရေး ရည်ရွယ်ချက်ဖြင့် ရွေးချယ်ထားသော နည်းလမ်းဖြစ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ ကျန်းမာရေးစနစ်များကို ပိုမိုကောင်းမွန်လာစေခြင်းနှင့် ထိရှလွယ်သောအသိုက်အဝန်း၏ အခွင့်အလမ်းများ လုံခြုံစေနိုင်ခြင်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် လိုက်လျောညီထွေသဟဇာတဖြစ်စေသည့် ဆက်ဆံရေးဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများရရှိစေရေးအတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်လေးစားမှုနှင့် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအား အခြေခံသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးအနက်တန်ဖိုးထားပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး




စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကျင်းပသော နိုင်ငံတကာဆွေးနွေးပွဲမှတစ်ဆင့် လက်ရှိရင်ဆိုင်နေရသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှု ပြဿနာများကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်က တက်ရောက်လာသည့်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးဆိုင်ရာကိစ္စရပ်များကို အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ထားပြီး ပြန်လည်လက်ခံရန်အဆင်သင့်ဖြစ်နေပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း တွေ့ဆုံရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E Mr. Zahid maleque နှင့် ဒါကာမြို့ Pan Pacific Hotel အစည်းအဝေးခန်း၌ တွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကူးစက်မြန်ရောဂါများ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆေးဝါးများထုတ်လုပ်နိုင်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E Dr.A.K Abdul Momen က ဒါကာမြို့ State Guest House–Jamuna ၌ တည့်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာဆွေးနွေးပွဲ၏ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို မွန်းလွဲပိုင်းတွင်ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများမှ ပညာရှင်များ၊ ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် သံအမတ်ကြီးများနှင့် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ဒီမိုကရေစီပါတီသစ်(ကချင်)၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)တို့အား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးဘရန်ရှောင် (ကချင်ပြည်နယ်တာဝန်ခံ)သည် ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်တို့နှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် ဧပြီလနှင့် မေလတို့တွင် မှတ်ပုံတင်ခွင့်ရရှိပြီးသော ဒီမိုကရေစီပါတီသစ် (ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ [TAI-LENG NATIONALITIES DEVELOPMENT PARTY (T.N.D.P)]နှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ယနေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို စစ်ဆေးသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဘရန်ရှောင် ကချင်ပြည်နယ်တာဝန်ခံက မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားရှိသော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရသတ်မှတ်ထားသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့်ပြုမိန့်ကျပြီးနောက် ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့် ပါတီဝင်အင်အားပြည့်မီအောင်စုဆောင်းရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့၏ ဥပဒေ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ နိုင်ငံရေးပါတီများရှိ ပါတီဝင်များတွင် ယခင် သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် ဥပဒေနှင့်အညီ သွားရောက်လဲလှယ်နိုင်ရေး ဆောင်ရွက်သွားရန်၊ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့မှ ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်မှာကြားရာ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။




ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အခြေစိုက်သည့် ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီဌာနချုပ်ကို ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ် ပန်ဝါမြို့ ချမ်းမောအိမ်ရာ (၁၇) အမှတ် (၃) ရပ်ကွက်တွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈/၂၀၂၃) ဖြင့်လည်းကောင်း၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီဌာနချုပ်ကို ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ရွာသစ်ကုန်းကျေးရွာအုပ်စု အာလဝီကုန်းရပ် အလ၀-၁၃ တွင်တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၂/၂၀၂၃) ဖြင့်လည်းကောင်း၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ပါတီဌာနချုပ်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် အမှတ် (၂၃/၁၁၈)တွင် ဖွင့်လှစ်ထားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၇/၂၀၂၃) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ (၉) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများနှင့် ဌာနဆိုင်ရာများကို ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသသည် သင့်တင့်လျောက်ပတ် ကောင်းမွန်သည့် ရာသီဥတုအခြေအနေများ၊ နှစ်သက်ဖွယ်ရာ ဒေသထွက်အစားအစာများနှင့် ရာသီအလိုက် ကျင်းပသောပွဲတော်များကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ပါဝင်စားစွာ သွားလာလည်ပတ်လျက်ရှိသော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ ဒေသ၏အားသာချက်များကို အသုံးချ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ပြည်တွင်းခရီးသွားလာမှုမှာ သိသိသာသာ ပြန်လည်မြင့်တက်လာကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များပါ လာရောက်လည်ပတ်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းစဉ်အတိုင်း တစ်ဆင့်ချင်း ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်နေကြသူများက အားလုံး အဆင်သင့်ဖြစ်အောင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းဖွဲ့များမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများကို မင်္ဂလာမန္တလေးဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် ကဏ္ဍအားလုံးနှင့် ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက ဆက်စပ်လုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ခရီးသွားလုပ်ငန်းကို ဆက်လက်ရှင်သန်အောင် ဦးစွာဆောင်ရွက်ပြီးမှ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် မန္တလေးမြို့ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲသို့ သွားရောက်ကာ ရုံးခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် Free Way လမ်း တိုးချဲ့ဖောက်လုပ်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းက ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် Free Way လမ်းလုပ်ငန်းတိုးချဲ့ဆောင်ရွက်နေမှု၊ ဥတ္တရသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် စံပယ်လမ်းဆုံနေရာတွင် Free Way လမ်း တိုးချဲ့ဖောက်လုပ် ဆောင်ရွက်နေမှုနှင့် Box Culvert တိုးချဲ့လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လိုအပ်သည့် မြေနုံရုံဖြိုသည့်လုပ်ငန်းများ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ကုမုဒြာကြာပန်းအဝိုင်း (ရာဇသင်္ဂဟလမ်းမှ ရာဇဌာနီလမ်းသို့အဝင်လမ်း) နှင့် တော်ဝင်ရတနာလမ်းမှ ရာဇဌာနီလမ်းသို့ အဝင်လမ်းတို့တွင် Free Way လမ်းတိုးချဲ့ဖောက်လုပ် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ချိန်အမီ လုပ်ငန်းပြီးစီးစေရေး စနစ်တကျဖြင့်စီမံဆောင်ရွက်ရန်၊ Free Way လမ်း တိုးချဲ့ဆောင်ရွက်ပြီးစီးပါက တြိဂံကျွန်းတွင် အလှမြက်များနှင့် လမ်းလယ်ကျွန်းအတွင်း နှစ်ရှည်အရိပ်ရပင်များ ပြန်လည်စိုက်ပျိုးရန်တို့ကို မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် စက်စက်ယိုချောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ချောင်းအတွင်းပိတ်ဆို့နေသော ဒိုက်ပင်၊ အမှိုက်များနှင့် သဲနုန်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပိုက်ဆိပ် ရပ်ကွက်ရှိ အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအရိန္ဒမအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထား၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဆိုပါကျောင်းတိုက်အတွင်း၌ ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။ ယင်းနောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ရခိုင်ပိုက်ဆိပ် ရပ်ကွက်ရှိ အမှိုက်ပုံအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁၁**

မကွေးတိုင်း ဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## ကုန်သွယ်/စီးပွား

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**စစ်တွေ ဇူလိုင် ၁၁**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၀၄ တန်၊ တန်ဖိုး ဒေါ်လာ ၁၀၄၀၀၊ ဆီးဖတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာ နှုန်းဖြင့် ၈၈ တန်၊ တန်ဖိုး ဒေါ်လာ ၁၀၁၂၀ နှင့် ချင်းအစိုတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၇၅ တန်၊ တန်ဖိုး ဒေါ်လာ ၃၃၇၅၀ တို့ကို တင်ပို့နိုင်ခဲ့သည်။

ဇူလိုင် ၂ ရက်မှ ၉ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/ တင်သွင်းစာရင်းများအရ ပို့ကုန်ဒေါ်လာသန်း သုည ဒသမ ၀၃၉၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

**သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း**

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

**ရွှေဘို ဇူလိုင် ၁၁**

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဇူလိုင်လပထမပတ်တွင် စပါး/ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇွန်လနောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀ ၊ မန္တလေးသို့ အိတ်ရေ ၂၀၃၇၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀ စုစုပေါင်းအိတ်ရေ ၄၈၄၀၀၊ တန်အားဖြင့် ၂၄၂၀ စီးထွက်ခဲ့ကြောင်း သိရသည်။ ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၆၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၈၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၇၀၀၀၊ ရှမ်း(တောင်) သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၆၁၀၀၀၊ တန်အားဖြင့် ၃၀၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၂၆၀၀၊ တန်အားဖြင့် ၆၃၀ ပို၍စီးထွက်ခဲ့ကြောင်း သိရသည်။



ရွှေဘိုမြို့၏ ဇူလိုင်လပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မရမ်းကုန်း ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စိန်နဂါးကြွေမြေဖန်ထည်စက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို အဆိုပါအသင်းရုံးခန်း၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။



**ဆုများပေးအပ်**

အစည်းအဝေးတွင် တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အသင်းဝန်ထမ်းများအား ဆုများပေးအပ်ခြင်းနှင့် အသင်းသားနှင့်ဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၆၅၈၀၀၀၀ အား ထုတ်ပေးခဲ့သည်။ ထို့နောက် အစည်းအဝေးဒုတိယပိုင်းတွင် ဒါရိုက်တာအဖွဲ့ရွေးချယ်ပွဲကို မရမ်းကုန်းမြို့နယ် သမဝါယမဦးစီးအရာရှိ ပါဝင်သောဖွဲ့စည်းရေးကော်မတီမှဦးဆောင်၍ အဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သွင်းအားစုမြေသြဇာများ ပေးအပ်ပွဲကျင်းပ

**မြစ်သား ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်အတွက် သွင်းအားစုမြေသြဇာများ ပေးအပ်ပွဲကို ယမန်နေ့က ရွှေလေးကျေးရွာ၊ ကျောက်အိုးကျေးရွာနှင့် အုန်းကုန်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြစ်သားမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းတင်တို့က စပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများကို တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့်ညီမျှသည့် သွင်းအားစုမြေသြဇာများအား မြို့နယ်သမဝါယမအသင်းစုပိုင်ငွေဖြင့် အသင်းသားတောင်သူစိတ်ကြိုက်ဝယ်ယူ၍ ပေးအပ်ခဲ့သည်။

အဆိုပါစနစ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာလေးရွာရှိ အသင်းသား ၁၀၅ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၅၀၀ ရှိပြီး တစ်ဧကလျှင် နှစ်သိန်းနှုန်းနှင့်ညီမျှသည့် သွင်းအားစုများဖြစ်သည့် စမ်းဝတီသဘာဝမြေသြဇာ၊ ကွန်ပေါင်းနှင့် ပုလဲမြေသြဇာများကို အသင်းသားတောင်သူများအား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ပန်းတနော်မြို့နယ်၌ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ပန်းတနော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၇) စက်မှုလယ်ယာစခန်းမှ မိုးစပါးကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီက ဆုတောင်းပြည့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်သက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၅ | ၂၃၃၅ | ၂၈၂၀ |
| 95 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၆၅ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၅၅ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၂၀၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၆၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၂၀ | ၂၄၄၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၅ | ၁၉၈၇ |
| 95 Ron | ၂၀၂၇ | ၂၁၀၁ |
| HSD (500 ppm) | ၁၉၄၈ | ၂၀၁၇ |
| HSD (50 ppm) | ၂၀၂၂ | ၂၀၉၂ |
| HSD (10 ppm) | ၂၀၂၂ | ၂၀၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မိမိတို့အနေနဲ့ အေးချမ်းသာယာတဲ့ကမ္ဘာကြီး တည်ဆောက်နေကြချိန်မှာ နိုင်ငံတကာအကြမ်းဖက်လုပ်ရပ်တွေကို နေရာပေးဖို့အကြောင်းမရှိပါ။ လမ်းကြောင်း-၁ နဲ့ အစိုးရတွေက ဝိုင်းဝန်းတိုက်ဖျက်နေကြသလို လမ်းကြောင်း-၂ မဟာဗျူဟာလေ့လာရေးအသိုင်းအဝိုင်းတွေကလည်း အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်ပုံသဏ္ဌာန် လုပ်ရပ်နဲ့မှ လက်ခံခြင်း၊ လျစ်လျူရှုခြင်းတွေပြုဖို့ မဖြစ်နိုင်ကြပါ

ဦးသန်းထွန်း(မော်လမြိုင်)

သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional Security Matters နှင့်ပတ်သက်၍ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အမှုဆောင်အဖွဲ့ဝင် ဦးဘလှအေးနှင့် ဦးသန်းထွန်း (မော်လမြိုင်) တို့ကို တွေ့ဆုံမေးမြန်းထားပါသည်-

သတင်းအဖွဲ့

**မေး။ ။ မြန်မာနိုင်ငံမဟာဗျူဟာနဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့က ကမကထပြုပြီး သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ (Non-traditional Security Matters) အပေါ် မဲခေါင်-လန်ချန်းဒေသနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင်လ ၁၄ ရက်နေ့ ရန်ကုန်မြို့မှာ ကျင်းပမယ်လို့ သိရပါတယ်။ အဲဒီဆွေးနွေးပွဲနဲ့ ပတ်သက်လို့ ရှင်းပြပေးစေလိုပါတယ်ခင်ဗျား။**

**ဦးဘလှအေး (ဖြေ)။ ။** ဟုတ်ပါတယ်။ ဆွေးနွေးပွဲခေါင်းစဉ်က "Seminar on Cooperation on Non-traditional Security Matters among MLC Countries" ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ မြစ်ဖျားခံပြီး အရှေ့တောင်အာရှကျွန်းဆွယ် ငါးနိုင်ငံဖြစ်တဲ့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်စီးဆင်းတဲ့ လန်ချန်း-မဲခေါင်မြစ် အမည်ကိုယူပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး (Mekong-lancang Cooperation-MLC)အဖွဲ့ကို ခြောက်နိုင်ငံပေါင်း တည်ထောင်နိုင်ခဲ့တာ ခုနစ်နှစ်ရှိပါပြီ။ ဒီမြစ်ကို တရုတ်နိုင်ငံက လန်ချန်းမြစ်လို့ခေါ်ပြီး အရှေ့တောင်အာရှနိုင်ငံတွေကတော့ မဲခေါင်မြစ်လို့ ခေါ်ဆိုတဲ့အတွက် နာမည်နှစ်ခုစလုံး ထည့်သွင်းခေါ်ဆိုကြပါတယ်။

ဒီခြောက်နိုင်ငံက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စတွေနဲ့စပ်လျဉ်းလို့ ပူးပေါင်းဆောင်ရွက်ကြဖို့ MLC ကို ဖွဲ့စည်းခဲ့ကြတာဖြစ်ပါတယ်။ အခု ကျင်းပပြုလုပ်မယ့်ဆွေးနွေးပွဲက ဒေသတွင်းကြုံတွေ့နေကြရတဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional security matters များကို အာရုံစိုက်ပြီး ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ ခေါင်းစဉ်နှစ်ခုခွဲထားပါတယ်။ နံနက်ပိုင်းမှာ Challenges on Non-traditional Security Matters ဘာသာရပ်နဲ့ မွန်းလွဲပိုင်းမှာ Cooperation on Non-traditional Security Matters ဘာသာရပ်တို့ကို ဆွေးနွေးပါမယ်။

နံနက်ပိုင်းကတော့ Combating Terrorism၊ Human Trafficking related to Online Gambling and Scamming နဲ့ Cybercrime ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး ကြုံတွေ့နေကြတဲ့ ဒေသအတွင်း စိန်ခေါ်မှုတွေကို ဆွေးနွေးကြဖို့ ဦးစားပေးထားပါတယ်။ မွန်းလွဲပိုင်းမှာက Food Security နဲ့ Extreme Poverty Reduction ဘာသာရပ်တွေအပေါ် ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို အလေးထားဆွေးနွေးကြပါမယ်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေက ပညာရှင်တွေ ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ နိုင်ငံခြောက်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စေမယ့်၊ ခြောက်နိုင်ငံ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ပိုမိုကာကွယ်မြှင့်တင်ပေးနိုင်မယ့် အကြံပြုချက်၊ ထောက်ခံချက်တွေ ပြုလုပ်ကြမှာဖြစ်ပါတယ်။

**မေး။ ။ သမားရိုးကျမဟုတ်တဲ့လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional security matters နဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

**ဦးဘလှအေး (ဖြေ)။ ။** Security သို့မဟုတ် Traditional Security ဆိုတာမှာ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးနဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုကို ကာကွယ်ထိန်းသိမ်းခြင်းနဲ့ပတ်သက်ပြီး အဓိကအားဖြင့် ပြည်ပက ကျူးကျော်ဝင်ရောက်ခြင်း၊ ပြည်တွင်းမှာ တည်ငြိမ်မှုနဲ့ တရားဥပဒေစိုးမိုးမှုပျက်ပြားခြင်းဆိုင်ရာ ကိစ္စများဖြစ်ကြပါတယ်။ ယနေ့ခေတ်အခါမှာတော့ နိုင်ငံတစ်နိုင်ငံနဲ့ ပြည်သူတွေရဲ့ လုံခြုံမှုကို ခြိမ်းခြောက်တဲ့ကိစ္စတွေမှာ အခုပြောခဲ့တဲ့ကိစ္စတွေသာမကတော့ဘဲ အလွန်အမင်းဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ သယံဇာတရှားပါးမှု၊ စားရေရိက္ခာရှားပါးမှု၊ ပုံမှန်မဟုတ်တဲ့ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှု၊ ကပ်ရောဂါများ၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ လူကုန်ကူးမှု၊ ပင်လယ်ဓားပြမှု စတာတွေကို သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional Security Matters များအဖြစ် သတ်မှတ်ကြပါတယ်။

> မြန်မာနိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများဖြစ်တဲ့ ဆင်းရဲမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု ချုပ်ငြိမ်းရေး၊ အကြမ်းဖက်မှုကိစ္စရပ်များကို အားပေးထောက်ကူလျက်ရှိတဲ့ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုခင်းတိုက်ဖျက်ရေး၊ အီလက်ထရောနစ် ဆိုက်ဘာနည်းလမ်းနဲ့ ငွေမည်းမှ ငွေဖြူခဝါချမှုဖြင့် အကြမ်းဖက်သမားများကို ငွေကြေးရန်ပုံငွေ ထောက်ပံ့ခြင်းတိုက်ဖျက်ရေး၊ ဆိုက်ဘာကွန်ပျူတာမှ လောင်းကစားမှုများ၊ Skimming online defraud ငွေကြေးလိမ်လည်တောင်းခံမှုတွေကို လမ်းကြောင်း-၁ ဌာနဆိုင်ရာတွေက အရေးယူဆောင်ရွက်နေ

**မေး။ ။ ဆွေးနွေးပွဲမနက်ပိုင်းမှာ Challenges on Non-traditional Security Matters ခေါင်းစဉ်နဲ့ Combating Terrorism၊ Human Trafficking related to Online Gambling and Scamming၊ Cybercrime တို့ တွေ့ရပါတယ်။ မွန်းလွဲပိုင်းမှာ Cooperation on Non-traditional Security Matters ခေါင်းစဉ်နဲ့ Food Security among MLC နဲ့ Extreme Poverty Reduction တို့ကိုဆွေးနွေးမယ်လို့ ဖော်ပြထားတာကို ရှင်းပြစေလိုပါတယ်။**

**ဦးဘလှအေး (ဖြေ)။ ။** ဒီဆွေးနွေးပွဲကို ကျင်းပရာမှာ အချိန်၊ ငွေအကန့်အသတ်တွေရှိတဲ့အတွက် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စအားလုံးကို ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကနေ့အများက အာရုံစိုက်ဦးစားပေးကြတဲ့ ဘာသာရပ်တွေကိုပဲ ရွေးချယ်ပြီး ဆွေးနွေးနိုင်ခြင်းဖြစ်ပါတယ်။ နောက်အကြောင်းတစ်ခုကလည်း ဆွေးနွေးပွဲက ရလာနိုင်တဲ့ ဘာသာရပ်များဆိုင်ရာရလဒ်ကို မိမိတို့ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေ ပိုပြီးထိရောက်တိုးမြင့်နိုင်စေမယ့်အချက်တွေ အကြံပြုတင်ပြလိုခြင်းပဲ ဖြစ်ပါတယ်။ ဆွေးနွေးပွဲက ကျစ်ကျစ်လျစ်လျစ်နဲ့ စုစည်းတင်ပြနိုင်မယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်ချမှတ်ပေးမယ့်သူတွေအနေနဲ့ လိုရင်းတိုရှင်းမြင်တွေ့ပြီး ဆွေးနွေးနိုင်ဖို့၊ ဆုံးဖြတ်နိုင်စေဖို့အတွက် အဲဒီဘာသာရပ်တွေကို ဦးစားပေး ရွေးချယ်ဆွေးနွေးခြင်းဖြစ်ပါတယ်။

**မေး။ ။ ကုလသမဂ္ဂ UNSDG Agenda 2030 ပန်းတိုင်ကို နိုင်ငံတကာက ဝိုင်းဝန်းဖော်ဆောင်နေတာရှိပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ ပန်းတိုင်တွေမှာ လမ်းကြောင်း-၂ (Track II) မဟာဗျူဟာလေ့လာရေးကဏ္ဍအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ကဏ္ဍပါဝင်အရေးပါမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက ပါဝင်ပူးပေါင်းဆောင်ရွက်နေမှုအပေါ် သဘောထားအမြင်ကို သိလိုပါတယ်။**

**ဦးသန်းထွန်း(မော်လမြိုင်)(ဖြေ)။ ။** ဒီမေးမြန်းထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ လမ်းကြောင်း-၂ သံတမန်ရေးရာကဏ္ဍကနေ ပြန်လည်ဖြေကြားပါမယ်။ ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ဖွံ့ဖြိုးရေး (MDG) မျှော်မှန်းချက်ပန်းတိုင်များအပြီး အာဂျင်ဒါ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇) ရပ် ချမှတ်ခဲ့ပါတယ်။ အဲဒီပန်းတိုင်တွေထဲကနေ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍနဲ့ စပ်လျဉ်းတဲ့ ဆင်းရဲနွမ်းပါးမှု ပပျောက်အောင် ဆောင်ရွက်ရေး၊ ငတ်မွတ်ခေါင်းပါးမှု ချုပ်ငြိမ်းရေး၊ စားရေရိက္ခာဖူလုံရေးတွေကို ဆောင်ရွက်ရန်နဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ငွေဖြူငွေမည်း ခဝါချမှုကိစ္စတွေမှာ အီလက်ထရောနစ်ကွန်ပျူတာ အသုံးပြုပြီး ဆိုက်ဘာလုံခြုံရေး ဖောက်ဖျက်ခြင်း၊ အကြမ်းဖက်မှုကိစ္စရပ်များအတွက် ငွေကြေးရန်ပုံငွေ ထောက်ပံ့တဲ့ ရာဇဝတ်မှုကျူးလွန်ခြင်းတွေကို ပါဝင်ဝိုင်းဝန်းတိုက်ဖျက်ဖို့တွေ ပါရှိထားတာတွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်တဲ့လုံခြုံရေးနဲ့စပ်လျဉ်းတဲ့ နိုင်ငံတကာဖြတ်ကျော်ရာဇဝတ်မှုတွေ Spillover မဖြစ်ပွားရေး၊ တိုက်ဖျက်ရေးတွေအတွက် မိမိတို့လမ်းကြောင်း-၂ (Track II) သံတမန်ရေးရာနဲ့ မဟာဗျူဟာလေ့လာရေးအဖွဲ့တွေက တွေ့ဆုံဆွေးနွေးပွဲတွေပြုလုပ်ပြီး ပြည်သူတွေကို အသိပေးခြင်း၊ စုပေါင်းအဖြေရှာခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

လမ်းကြောင်း-၁ (Track I) ဖြစ်တဲ့ နိုင်ငံတော်အစိုးရဌာနတွေကလည်း နိုင်ငံတွင်းအကြမ်းဖက်မှု တားဆီးတိုက်ဖျက်ရေး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေးများအတွက် "အကြမ်းဖက်တိုက်ဖျက်ရေးနည်းဥပဒေများကို ၁-၃-၂၀၂၃ ရက်စွဲနဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၃၆/ ၂၀၂၃ ထုတ်ပြန်ထားရှိတာကို သတင်းများအရ သိရပါတယ်။

**မေး။ ။ သမားရိုးကျမဟုတ်တဲ့လုံခြုံရေးဆိုင်ရာကိစ္စများမှာပါဝင်တဲ့ အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် မြန်မာနိုင်ငံအနေနဲ့ လမ်းကြောင်း-၁ ကဏ္ဍကနေ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေတာ သိရပါတယ်။ လမ်းကြောင်း-၂ အဝိုင်းက သံတမန်ရေးရာနည်းလမ်းမှလည်း ပါဝင်ပံ့ပိုးခြင်း collaborate ပြုနေတာတွေကိုလည်း သိလိုပါတယ်။**

**ဦးသန်းထွန်း(မော်လမြိုင်) (ဖြေ)။ ။** အကြမ်းဖက်မှု လုပ်ရပ်တွေဟာ တိုင်းပြည်ရဲ့ရန်သူပဲဖြစ်ပါတယ်။ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရာတွေကို နှောင့်ယှက်ခြိမ်းခြောက်လျက်ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ၊ ဒေသဆိုင်ရာအဖွဲ့အစည်းတွေ၊ အာဆီယံအဖွဲ့အစည်းတွေကလည်း ထုတ်ဖော်ပြောဆိုကြပါတယ်။ မိမိတို့အနေနဲ့ အေးချမ်းသာယာတဲ့ ကမ္ဘာကြီးတည်ဆောက်နေကြချိန်မှာ နိုင်ငံတကာအကြမ်းဖက်လုပ်ရပ်တွေကို နေရာပေးဖို့အကြောင်းမရှိပါ။ လမ်းကြောင်း-၁ နဲ့ အစိုးရများက ဝိုင်းဝန်းတိုက်ဖျက်နေကြသလို လမ်းကြောင်း-၂ မဟာဗျူဟာလေ့လာရေးအသိုင်းအဝိုင်းတွေကလည်း အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်ပုံသဏ္ဌာန်၊ လုပ်ရပ်နဲ့မှလက်ခံခြင်း၊ လျစ်လျူရှုခြင်းများပြုဖို့ မဖြစ်နိုင်ကြပါ။

ဒါ့ကြောင့် မိမိတို့ဒေသတွင်းမှာ အမျိုးသားလုံခြုံရေးကို အလေးထားပြီး သမားရိုးကျလုံခြုံရေးဆိုင်ရာကဏ္ဍ Traditional Security သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍများ Non-Traditional Security များကို ဖောက်ဖျက်ကျူးလွန်ကာ ဒေသတွင်းတစ်နေရာရာမှာ ဖြစ်ပွားနေသည်များက တခြားတစ်နေရာကို ကူးစက်ပြန့်ပွားမှု spillover မဖြစ်ပွားဖို့ အရေးကြီးသလို လိုလည်းလိုအပ်ပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများဖြစ်တဲ့ ဆင်းရဲမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှု ချုပ်ငြိမ်းရေး၊ အကြမ်းဖက်မှုကိစ္စရပ်များကို အားပေးထောက်ကူလျက်ရှိတဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းတိုက်ဖျက်ရေး၊ အီလက်ထရောနစ်ဆိုက်ဘာနည်းလမ်းနဲ့ ငွေမည်းမှ ငွေဖြူခဝါချမှုဖြင့် အကြမ်းဖက်သမားများကို ငွေကြေးရန်ပုံငွေထောက်ပံ့ခြင်းတိုက်ဖျက်ရေး၊ ဆိုက်ဘာကွန်ပျူတာမှ လောင်းကစားမှုများ၊ Skimming online defraud ငွေကြေးလိမ်လည်တောင်းခံမှုတွေကို လမ်းကြောင်း-၁ ဌာနဆိုင်ရာတွေက အရေးယူဆောင်ရွက်နေကြသလို လမ်းကြောင်း-၂ မဟာဗျူဟာလေ့လာရေးအဖွဲ့တွေကလည်း ယခုလို ဆွေးနွေးပွဲတွေ ကျင်းပပြီး စုပေါင်းအဖြေရှာကြရမှာ ဖြစ်ပါတယ်။ ရရှိလာတဲ့အကြံပြုချက်တွေနဲ့ ရလဒ်တွေကို သက်ဆိုင်ရာနိုင်ငံတွေနဲ့ ညှိနှိုင်းတင်ပြပေးမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ။

■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲ ပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၂၃၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၂၄,၀၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၂၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(ကက်တမင်း) ၁၂၇ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(ကက်တမင်း) ၁၂၇ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



စတေဖာ ကို သိမ်းဆည်းရမိသည့် ကက်တမင်းများနှင့်အတူတွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၇ ရက် ည ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ဆောက်ခုံကျေးရွာမှ တာချီလိတ်မြို့ဘက်သွား ကျေးရွာချင်းဆက်လမ်းတွင် စတေဖာကို Toyota Hilux Revo ယာဉ်နှင့်အတူ တွေ့ရှိပြီး ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(ကက်တမင်း) ၁၂၇ ကီလို သိမ်းဆည်းရမိခဲ့၍ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါး (ကက်တမင်း) များကို ပန်ဆန်းမှ တာချီလိတ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးများကို တရုတ်အမျိုးသားများထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၁၁

အမျိုးသမီးများကို တရုတ်အမျိုးသားများထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ ခင်ဇော် နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မလှိုင်းဖိုလ်ဖိုလ်တို့က ရန်ကုန်တိုင်းဒေသကြီးနေ မ----၊ ၃၃ နှစ်၊ မ----၊ ၂၁ နှစ်၊ မ----၊ ၂၁ နှစ်၊ မ----၊ ၂၀ နှစ်၊ ကချင်ပြည်နယ်နေ မ----၊ ၃၀ နှစ်တို့ ငါးဦးကို တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း ၁၀၀ ခန့်ရရှိမည်၊ တစ်နှစ်ပေါင်းသင်းနေထိုင်ပြီးပါက ပြန်လည်ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်အမျိုးသားများထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် မူဆယ်မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၁၀ ရက်တွင် တရားခံ ခင်ဇော် နှင့် မလှိုင်းဖိုလ်ဖိုလ်တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) ဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၇-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာအလင်္ကာ
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်းအစီအစဉ်
- ၁၀:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း 'အမြင်'
- ၁၁:၃၀ ရွှေယံစုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဟယာမျက်နှာဖုံး**' (အပိုင်း-၁၇)
- ၁၃:၀၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**တံကြွှာမုန်တိုင်း**' (အပိုင်း-၂၅)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၂)
- ၁၇:၂၀ လာလည်စေချင်အရှေ့ပိုင်းတစ်ခွင် (ဘော့ဟိုင်မြို့)
- ၁၇:၃၀ ပုတာအိုလွင်ပြင်ပတ်လမ်း
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) '**လွဲလွဲလေးလည်းကောင်းပါတယ်**'
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဟယာမျက်နှာဖုံး**' (အပိုင်း-၁၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နိပါတ်တော်လာဇာတ်သဘင်မဟာ '**ဥမ္မာဒန္တီဇာတ်**' (ပထမပိုင်း)
- ၂၁:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**တံကြွှာမုန်တိုင်း**' (အပိုင်း-၂၇)

**mitv**

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Bagan Choral Dance
- 07:14 Underwater Photographer
- 07:35 Discovering Tribes: Da Nu (Their Life and Customs) (Part-1)
- 07:50 Attractions around Hopong Hill Station
- 08:01 News
- 08:26 School For the Blind (Kyee Myin Dine)
- 08:52 World Paper Bag Day (12th July)
- 09:01 Artistic Values & Aesthetic Traditions
- 09:24 Toddy Palm Product Shop
- 09:37 Artist Life: Designer May Myat Waso
- 10:01 News

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ရွှေတြိဂံမြို့တော်(တာချီလိတ်မြို့)

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရား

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
အရိုးချေလက်ရာ(ယောက်သွားသုပ်နှင့်ခရမ်းသီးမြေအိုးကပ်ချက်)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ဘာလိုဏ်ဂူ

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**စကောကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဖွားဖွားသက်ရှည်

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဝင်ငွေကောင်းတဲ့ဟာလာလုပ်ငန်း

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှနန်းအဲခလိန်း(အင်တာဗျူး)

**ချင်း(လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)**
ရသာချိုမြိန် ချင်းရိုးရာမျှစ်ဟင်းရည်ဘိုင်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၁၅ Weekly Soccer Preview
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၁၅ မျှော်လင့်ချက်တွေအကောင်အထည်ပေါ်ဖို့ အောင်ဘာလေအွန်လိုင်းထီထိုးကြစို့
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**ကံဝမ်းမဲ**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂတ် ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)
- ၁၈:၀၀ Economic Review (ပြည်တွင်းစားသုံးသီးနှံများဆောင်ရွက်မှုအခြေအနေ)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ စပါးဖြူတ်ပိုးကာကွယ်နှိမ်နင်းနည်းများဖြန့်ဝေရာ ကွင်းသရုပ်ပြပွဲဆီမှာ
- ၀၇:၀၀ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၇:၃၅ ရိုးရာဝါးခမောက်လက်မှုပညာအမွေ
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၈:၅၀ အာဟာရပြည့်ဝုံပဲစင်းငုံအာဟာရပြည့်ဝဖို့ထောက်ကူပေးပဲစင်းငုံအစားထိုးစိုက်ပျိုးရေး
- ၀၉:၄၅ ရေရှည်တည်တံ့သောပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်ခြင်း

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘတ်စကတ်ဘောအက်ဆေး**'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၆၀)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း)၊ အခန်းအမှတ်(ဘီ)၊ အကျယ်အဝန်း (၁၂ပေခွဲ X ၅၀ပေ)ရှိတိုက်ခန်း (၁)ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းပိုင်ရှင်လည်းဖြစ်၊ မြေပိုင်ရှင်လည်းဖြစ်ကာ တရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးအောင်မင်း (၁၂/အလန(နိုင်)၀၀၂၃၃၄)**ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(၁၁-၇-၂၀၂၃)ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၈၄၁)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ် (၄-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၄ပေ X ၅၀ပေ)ရှိတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား(၂၀-၁၁-၂၀၁၁)ရက်စွဲပါကတိစာချုပ်အရ တရားဝင်လက်ရှိထားပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးကျော်ဝင်း (၁၂/ပဘတ (နိုင်) ၀၃၀၁၀၈)**ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(၁၁-၇-၂၀၂၃)ရက်စွဲပါကတိစာချုပ်ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းစာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy ), တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၃၃)**
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၈၅၅၅၀၂၅၄

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၅၃၊ မြေကွက်အမှတ် (၂၁၀၁)၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်သိန်း (BR-၀၁၅၄၄၁) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်များအရ ရောင်းသူ ဦးမင်းမင်းဦး [၁၄/ပသန(နိုင်) ၁၇၈၃၆၈]မှ အရှုပ်အရှင်းကင်းရှင်း စွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အားဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း (တတိယဖြတ်)၊ အမှတ်(၄၆၃)ရှိ မြေညီထပ် (ခေါင်းရင်း)တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းမြင့် [၁၂/လမန(နိုင်)၀၈၂၁၉၂]ထံမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင် အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉)**
**LL.B, D.I.L**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈)**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ် (၁၃/ခ)၊ ၈-လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း- ၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ တိုက်အမှတ်-၃၀၊ ဒုတိယထပ်/၃-လွှာ(ညာဘက်)၊ (၁၄ပေ x ၄၅ပေ)အကျယ်အဝန်းရှိတိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သူ[၉/ကပတ(နိုင်)၁၅၈၇၀၃]က ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှဲ့လှဲ့ဝင်း(LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈ လမ်း(အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၄/၁)၊ လူနေရပ်ကွက်အမှတ်-(မြင်သာစုပေါင်းအိမ်ရာ)၊ မြေကွက်အမှတ်-(၁၅၆/၁)၊ မြေဧရိယာ(၀.၀၄၅)ဧက၊ ဦးလှအောင် [၇/ရတရ(နိုင်)၀၅၈၀၂၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ ယင်းမြေပေါ်တွင်တည်ဆောက်ထားသော တစ်ထပ်ခွဲအဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ကတိပြုပြောဆိုဝန်ခံသူ ဒေါ်ညိုညိုနွဲ့ (ဘ) ဦးသန်း[၉/ပမန(နိုင်)၀၄၁၇၁၉]၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်လေးသွယ် (ဘ) ဦးမြင့်သိန်း [၁၂/သဃက(နိုင်) ၁၀၂၉၇၃]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးထွန်းလင်းနိုင်(LL.B, D.B.L)** | **ဦးထွန်းထွန်းအောင်(LL.B)** | **ဦးစောဝေဖြိုး (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၆၄၅၄)** | **အထက်တန်းရှေ့နေ(စဉ်-၃၄၉၉၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၆၉၈)** |

**အမှတ်(၉၆)၊ ၅ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၅၀၀၉၀၇**

## ပျောက်ဆုံးကြောင်း

ကိုထက်အောင်[၁၂/ဗတထ(နိုင်)၀၃၄၄၈၈] ကိုင်ဆောင်သော All in one No.CKP 058360 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-759666960**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ တောင်ဥက္ကလာပမြို့နယ်၊ဘီလစ် ဒေါ်နန့်ဆန့်သိန်း၏အရောင်းမြေပုံကူးတွင်မြေအမည်ပေါက်-ဒေါ်သစ်ရည်ဝင်း(SGG-၀၅၄၀၃၉)ဟု အမှန်ဖြည့်စွက်ဖတ်ရှုပါရန်။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေပုပ္ပါးလမ်း၊ အမှတ်(၇၂၁)ပါမစ်မြေ အမည်ပေါက် (ဦးအေးမြင့်၊ PAN-၁၆၄၃၉၇)ပိုင်ဆိုင်သော မြေအကျယ်ပေ(၄၀x၆၀)အနက်မှ ပေ(၂၀x၆၀)မြေအကျယ်ကို ပိုင်ဆိုင်မှု အစဉ်အဆက်စာချုပ်များအရ ယခုလက်ဝယ်ပိုင်ဆိုင်သူ ဦးကျော်မိုးခိုင် [၁၂/ဒဂတ(နိုင်)၀၃၅၂၈၆] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ် ဦးသန်းရွှေ[၁၂/တမန(နိုင်)၀၁၁၀၉၅]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသန်းရွှေ [၁၂/တမန(နိုင်)၀၁၁၀၉၅]**
**အမှတ်(၅)/၃လွှာ(A)၊ အာသောကလမ်း၊**
**မလွှကုန်းဒွေးကွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၂၇၈၀၉၁၊ ၀၉-၅၁၅၉၉၆၄**

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ အတွင်းရှုခင်းသာလမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၁၈)၊ အခန်း(၁၀၂)၊ ပထမထပ် တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဌေး [၅/ကသန(နိုင်)၀၀၅၄၇၂]ထံမှ အထက်ပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာအောင်[၁၀/ရမန(နိုင်) ၀၉၃၆၇၂]က စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးချမ်းမြေ့လင်း** | **ဦးဝင်းဆွေ** | **ဦးသန့်ဇော်လွင်** |
| **(LL.B)** | **(LL.B,D.B.L)** | **(LL.B,D.B.L)** |
| **(စဉ်-၁၃၀၉၄)** | **(စဉ်-၁၄၆၁၂)** | **(စဉ်-၁၄၆၂၃)** |

**(တရားလွှတ်တော်ရှေ့နေများ)**
